# ရှမ်းပြည်အတွင်း အခြေအနေအကျဉ်းချုပ်

လက်နက်ကိုင်တပ်ဖွဲ့များအကြား စစ်ရေးတင်းမာမှုများဆက်လက်ဖြစ်ပေါ်နေကာ အထူးသဖြင့် စစ်ကောင်စီနှင့် ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) တို့အကြား ဖြစ်ပွားသော စစ်ရေးတင်းမာမှုများဖြစ်သည်။ စစ်ကောင်စီမှ ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) အား ရှမ်းပြည်တောင်ပိုင်းရှိ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ် ရှိ တပ်စခန်း (၃) ခုအား ဆုတ်ခွာပေးရန်နှင့် စစ်ကောင်စီဘက်မှလည်း ရှမ်းပြည်နယ်တောင်ပိုင်းသို့ စစ်အင်အားတိုးချဲ့ခြင်းများပြုလုပ်နေသည်။ တချိန်တည်းမှာပင် စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ မေလထဲတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ အချို့အား နေပြည်တော်တွင် ကျင်းပမည့် ငြိမ်းချမ်းရေးအသွင်ဆောင်ဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။ ထိုဖိတ်ကြားချက်အရ ရှမ်းပြည်တော်လှန်ရေးကောင်စီ (RCSS) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) (၂) ဖွဲ့စလုံး ဖိတ်ကြားချက်ကိုလက်ခံခဲ့သည်။

မေလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ရှမ်းလူငယ်ကွန်ယက်(TYN)မှ ဦးဆောင်ကော်မတီဝင်လည်းဖြစ်၊ ရှမ်းပြည်ညီညွတ်ရေးကော်မတီ (CSSU) အတွင်းရေးမှူးအဖွဲ့ဝင်လည်းဖြစ်သည့် ရှမ်းလူငယ်ခေါင်းဆောင် တစ်ဦးနှင့် သူငယ်ချင်းတစ်ဦးတို့သည် စစ်ကောင်စီ၏ ချောဆွဲခြင်းခံခဲ့ရကာ ၎င်းတို့၏ကားဖြင့် စစ်သားများကို တင်ဆောင်ခဲ့ရပြီး မူဆယ်လမ်း မော်တောင်းကျေးရွာအနီးသို့ အရောက်တွင် လက်နက်ကိုင်အဖွဲ့အစည်းနှင့် စစ်ကောင်စီတို့အကြား ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်မှုခံခဲ့ရပြီး အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့ကြရသည်။ ထို့နောက် မေလ ၁၆ ရက်နေ့တွင် ပြည်သူ့လုံခြုံရေးနှင့် ကာကွယ်ရေးတပ်ဖွဲ့ ဆိုသည့် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုမှ ထိုတိုက်ပွဲတွင် ၎င်းတပ်ဖွဲ့နှင့် စစ်တပ်တို့ ကြား ဖြစ်ပွားခဲ့သည်ဟု ထုတ်ပြန်ချက်နှင့်အတူ ဝမ်းနည်းကြောင်း ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြထားပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံတွင် စစ်ကောင်စီမှ အမျိုးသမီး ၄ ဦးအပါအဝင် ရွာသား ၃၀ ကျော်အား ၎င်းတို့၏နေအိမ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဒေသခံမှ မီဒီယာသို့ပြောကြားချက်အရ အမျိုးသားများသည် ကလောသို့ခေါ်ဆောင်သွားခြင်းခံရပြီး အမျိုးသမီးများသည် ရွာအနီးစစ်စခန်းတွင်းရှိ စစ်သားများအတွက် ထမင်းဟင်းချက်ရန် တပ်စခန်းသို့ တိုက်ရိုက်ပို့ခြင်း ခံခဲ့ရသည်ဟုဆိုသည်။ စစ်ကောင်စီအဖွဲ့ဝင်များသည် အရပ်သားဝတ်စုံဝတ်ဆင်ပြီး ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တပ်စခန်း၏ တည်နေရာရှာဖွေခြင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် အချက်အလက်ရှာဖွေခြင်းများ ပြုလုပ်ရာတွင် အရပ်သားပြည်သူများကိုလည်း အသတ်ခံရလိမ့်မည်ဟု ခြိမ်းခြောက်ခြင်းများပြုလုပ်ခဲ့သည်။ စစ်ကောင်စီသည် မေလနှင့် ဇွန်လအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးနှင့် နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းတုံ၊ ဖယ်ခုံ၊ ရွာငံနှင့် ပင်းတယမြို့နယ်တို့မှ ပြည်သူ (၆၈) ဦးကိုလည်း ဖမ်းဆီးခဲ့သည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)/ ပအိုဝ်းအမျိုးသားတပ်မတော်(PNA) (ခေါ်) ပအိုဝ်းအသွင်ပြောင်းပြည်သူ့စစ် အဖွဲ့သည် အသက် (၁၈) နှစ် နှင့် (၅၀) နှစ် အကြား အမျိုးသမီးနှင့် အမျိုးသားများ စစ်မှုထမ်းဆောင်ရမည်ဟု ထုတ်ပြန်ကြေညာပြီးသည်နှင့် ရှမ်းလူငယ်များအပါအဝင် ပအိုဝ်းတိုင်းရင်းသားများကို အတင်းအဓမ္မ စစ်သားစုဆောင်းခြင်းများ ပြုလုပ်ခဲ့သည်။ စုဆောင်းခံရသူများ အားလုံးသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ဒေသလုံခြုံရေး အားကောင်းလာစေရန်အတွက် စစ်သင်တန်း တက်ရောက်ကြရမည်ဟု ဆိုသည်။ ထို့အပြင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)၏ ထိန်းချုပ်နယ်မြေအတွင်း နေထိုင်သူများသည် ပအိုဝ်းအမျိုးသား တပ်မတော် (PNO/PNA) အား ဆန်နှင့် ငွေကြေး ပေးသွင်းရန် အမိန့်ပေးခံရသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်တွင် တောင်ကြီးမြို့ရှိ တချို့သောကျေးရွာများ၊ ဆီဆိုင်၊ ဟိုပုံး နှင့် ပင်လောင်း မြို့နယ်၊ လွိုင်လင်ခရိုင်တွင် မိုင်းပွန်မြို့နယ် တို့သည် ၎င်း၏ထိန်းချုပ်နယ်မြေတွင် ပါဝင်သည်။

ရှမ်းပြည်မြောက်ပိုင်းရှိ မူဆယ်၊ နမ့်ခမ်း၊ သီပေါ၊ ကျောက်မဲ နှင့် ကွတ်ခိုင် စသည့် မြို့နယ်များနှင့် ရှမ်းပြည်တောင်ပိုင်း ရှိ မိုင်းရှူး၊ မိုင်းပန်၊ လဲချား၊ မိုင်းကိုင်၊ ကွန်ဟိန်၊ ကျိုင်းတောင်း နှင့် မောက်မယ် စသည့်မြို့နယ်များတွင် နေ့စဉ်ဘဝ အတွက် စားဝတ်နေရေး အခက်အခဲများကို ရင်ဆိုင်နေကြရသည့် ကြားကပင် ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်း ရှိဒေသခံပြည်သူများသည် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အတင်းအဓမ္မ အခွန်ကောက်ခြင်းကို ခံကြရသည်။ မေလ နှင့် ဇွန်လအတွင်း ကောက်ခံရရှိသည့် သတင်းအချက်အလက်များအရ အခွန်ကောက်သော အဖွဲ့များမှာ ရှမ်းပြည် မြောက်ပိုင်းနှင့် တောင်ပိုင်းတွင် လှုပ်ရှားနေသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်သူ့စစ်များ ဖြစ်သည်။ ပြည်သူများအနေဖြင့် လုံခြုံမှုမရှိသော၊ မသေချာမရေရာသော အခြေအနေတွင် နေထိုင်ကြရပြီး အခွန် မဆောင်လျှင် အဖမ်းခံရခြင်းများ ပိုင်ဆိုင်မှုဖျက်ဆီးခံရခြင်းများကို ကြုံတွေ့ကြရသည်။

## စစ်ဘေးရှောင်များ၏ အခြေအနေနှင့် လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်း

စစ်ကောင်စီသည် ရှမ်း-ကယားနယ်စပ် တစ်ဝိုက် ကရင်နီအမျိုးသားကာကွယ်ရေးတပ်(KNDF)၊ ဒေသခံပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့(PDF)များနှင့် တိုက်ခိုက်ရာတွင် လက်နက်ကြီးများအသုံးပြုခြင်း၊ လေကြောင်းမှတိုက်ခိုက်ခြင်း များ ပြုလုပ်ခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ်သားများသည် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အတွင်းရှိ ဆောင်နမ့်ခဲရွာတွင် ပြည်သူများ၏နေအိမ် (၄၀) ကျော်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ကြောင့် ဒေသခံပြည်သူများ နေရပ်မှ ပင်လောင်း၊ ဆီဆိုင်နှင့် အခြားနီးစပ်ရာမြို့များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ဖယ်ခုံနှင့် ညောင်ရွှေမြို့နယ်အတွင်း PDF များနှင့် စစ်ကောင်စီတို့အကြား တိုက်ခိုက်မှုများကြောင့် ရွာသူရွာသားများ ဘေးကင်းလုံခြုံရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။ သို့သော်လည်း ပအိုဝ်းပြည်သူ့စစ် (PNO/PNA) နှင့် စစ် ကောင်စီ တို့မှ ထွက်ပြေးတိမ်းရှောင်ခွင့်မပြုသည့်အပြင် အတင်းပြန်လှည့်လာခိုင်းသည်။ စစ်ရှောင်ပြည်သူအချို့ သည် ရှမ်းပြည်တောင်ပိုင်း ညောင်ရွှေမြို့နယ် လွိုင်တုံကျေးရွာအနီးရှိ စစ်ဆေးရေးဂိတ်တွင် ငွေတောင်းခြင်းခံကြ ရသည်။

ဖယ်ခုံနှင့် မိုးဗြဲတို့မှ စစ်ဘေးရှောင်ပြည်သူ (၈၀၀၀) ခန့်သည် ဆီဆိုင်မြို့နယ်တွင် ခိုလှုံနေထိုင်နေပြီး စားနပ်ရိက္ခာ များ၊ ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများ လိုအပ်လျက်ရှိနေသည်။ စစ်ကောင်စီမှ အလှူရှင်များကိုဖမ်းဆီး ခြင်း၊ လူသားချင်းစာနာထောက်ထားရေး အကူအညီပေးသူများကို ဆက်လက် ဖမ်းစီးခြင်း ပြုလုပ်နေသောကြောင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ စစ်ဘေးရှောင်ပြည်သူများထံသို့ မရောက်ရှိခဲ့ပေ။ ထိုနည်းတူပင် ပင်းတယရှိ စစ်ဘေးရှောင် ၂၅၀ ဝန်းကျင်သည်လည်း စားစရာ၊ ဆေးဝါး၊ အဝတ်အစားနှင့် အမျိုးသမီးများ၏ တစ် ကိုယ်ရေသန့်ရှင်းရေးအတွက် လစဉ်သုံးပွမ်းထုပ်များ ပြတ်လတ်နေသည်။

မိမိတို့ကွန်ယက်ဖြစ်သော အဖွဲ့အစည်း၏ အစီရင်ခံချက်အရ ဖယ်ခုံအနီးတစ်ဝိုက်တွင် စစ်ကောင်စီ၏ ထိုးစစ်ဆင် မှုကြောင့် စစ်ဘေးရှောင်ပြည်သူ (၇၀၀) ကျော်သည် ဘေးကင်းလုံခြုံမှုရှိရန်အတွက် ဖယ်ခုံမြို့နယ် အနီးရှိ တောအုပ်ထဲ သို့ ထွက်ပြေးတိမ်းရှောင် ခဲ့ကြရသည်။ ထိုနေရာသို့ သွားရောက်ရန် ကားလမ်း မပေါက်သောကြောင့် ကြာရှည်စွာ လမ်းလျှောက်ခဲ့ကြရသည်။ မိုးရာသီဖြစ်သည့်အလျောက် ပလတ်စတစ်ဖြင့် အမိုးအကာပြုထားသော်လည်း မိုးဒဏ် ကို အပြည့်အဝ မကာကွယ်နိုင်သည့် ယာယီဆောက်လုပ်ထားသော တဲများတွင် နေကြရသည်။ အမျိုးသမီးများနှင့် ကလေးများသည် တောထဲတောင်ထဲတွင် အကျပ်အတည်းများကို ရင်ဆိုင်နေကြရသည်မှာ စိုးရိမ်စရာဖြစ်သည်။ လုံခြုံသောနေရာထိုင်ခင်း၊ ဆေးဝါး နှင့် အစားအသောက်များ ရရှိရေးအတွက် အရေးပေါ်အကူအညီ အထူးလိုအပ်နေ ပါသည်။

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကျား–မအခြေပြု အကြမ်းဖက်မှု တိုးများလာခြင်းနှင့် အမျိုးသမီးအပေါ်သက်ရောက်မှု

မေနှင့် ဇွန်လအတွင်း ကျားမအခြေပြု အကြမ်းဖက်မှု (သို့မဟုတ်) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆိုင်ရာ အမှုပေါင်း ၃၃ မှုကို SWAN မှ မှတ်တမ်းတင်ခဲ့ပါသည်။ အများစုမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းမှု (sexual coercion) ဖြစ်သည်။ အဖြစ်အပျက် (၁၀)ခု မှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်းမှု (sexual coercion) ဖြစ်ပြီး (၃) မှုမှာ ဒေသခံလက်နက်ကိုင်အဖွဲ့အစည်းနှင့် ပတ်သက်သူ ဖြစ်သည်။ နောက် အဖြစ်အပျက် (၈) ခုမှာ မုဒိမ်းမှုဖြစ်ပြီး (၁၅) ခုမှာ အိမ်းတွင်းအကြမ်းဖက်မှုဖြစ်သည်။ အကြမ်းဖက်မှု မှ အသက်ရှင်ကျန်ရစ်သူအများစုမှာ အမျိုးသမီးများဖြစ်ပြီး အသက် ၁၀ နှစ်မှ ၅၀ နှစ်အကြားဖြစ်ကြသည်။ ၎င်းအဖြစ်အပျက်များကို ရှမ်းပြည်မြောက်ပိုင်းရှိ မြို့နယ် (၅) မြို့နယ်၊ တောင်ပိုင်း (၄) မြို့နယ်၊ နှင့် အရှေ့ပိုင်း (၁) မြို့နယ် ဦပါဝင်သည်။

သက်ငယ်မုဒိမ်းမှုနှင့်လိင်ပိုင်းဆိုင်ရာနိုင်ထက်စီးနင်းမှုပတ်သက်ပြီး အစီရင်ခံမှတ်တမ်းတင်ခဲ့သည်။အဖြစ်အပျက်တစ်ခုမှာ မိခင်အပြင်သွားချိန်တွင် (၁၀)နှစ်အရွယ် မိန်းကလေးငယ်အား (၄၂)နှစ်အရွယ် အိမ်နီးနားချင်း အမျိုးသားက မုဒိမ်းကျင့်ခဲ့ခြင်းဖြစ်သည်။ မိန်းကလေး၏မိခင် အိမ်ပြန်ရောက်ချိန်တွင် မိန်းကလေးမှာ ငိုယိုနေပြီး သူမ၏ အင်္ကျီစပ်မှသွေးထွက်နေသည်။ ထို့နောက် မိန်းကလေးအား ဆေးရုံသို့ပို့ဆောင်ကုသစေခဲ့ပြီး၊ ကျူးလွန်သူ အမျိုးသားကိုလည်း သက်ဆိုင်ရာက ဖမ်းဆီးလိုက်သည်။

နောက်အဖြစ်အပျက်တစ်ခုမှာ မုဒိမ်းမှုနှင့် အိမ်တွင်းအကြမ်းဖက်မှုဖြစ်သည်။ ဖြစ်စဉ်မှာ ဖျားနာ၍ ကုသမှုခံယူကာ အိပ်ယာထဲလှဲနေသော အမျိုးသမီးတစ်ဦးသည် သူမခဲအို၏ မုဒိမ်းကျင့်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ ဤအမှုနှင့် ပတ်သက်၍ သူမကိုယ်တိုင် ဒေသခံတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းသို့ တိုင်းကြားခဲ့သည်။ အစ်မဖြစ်သူကို အလုံးစုံပြောပြသော်လည်း သူမအား မယုံသည့်အပြင် လက်နက်ကိုင်အဖွဲ့အစည်းသို့ တိုင်ကြားခြင်းကြောင့် အစ်မ၏ ရိုက်နှက်ခြင်းကိုခံခဲ့ရသည်။

အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်နှင့် သက်ဆိုင်သည့် တိုင်ကြားချက်များ တိုးများလာနေခြင်းသည် မူးယစ်ဆေးဝါးသုံးစွဲမှုများ၊ လောင်းကစားမှုများ များပြားလာနေခြင်းနှင့် ဆက်စပ်နေသည်။ အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ အဖြစ်အပျက်တစ်ခုမှာ မူးယစ်ဆေးစွဲသူ အမျိုးသားမှ သူ့အမျိုးသမီးအား ဆေးဖိုးမပေး၍ ရိုက်နှက်ခြင်းဖြစ်သည်။ ထို့အပြင် သူမအား ကြံဖန်အပြစ်ရှာပြီး အခြားသူနှင့် ချစ်ကြိုက်နေသည်ဟုပါ စွပ်စွဲလိုက်သေးသည်။ ထိုအမျိုးသမီးသည် သူမအမျိုးသား၏ မကောင်းသည့်အကျင့်ကို နှစ်ပေါင်းများစွာ သည်းခံခဲ့ပြီး မခံနိုင်သည့်အဆုံး ရွာသူကြီးထံတိုင်ကြားပြီး အိမ်ထောင်ကွဲပေးရန် တောင်းဆိုခဲ့သည်။

မြန်မာနိုင်ငံ၏ လက်ရှိတရားဥပဒေသည် အမျိုးသမီးထုအား အပြည့်အဝ မကာကွယ်နိုင်ပေ၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် အမျိုးသမီးများအတွက် တရားရေးဥပဒေဆိုင်ရာ အကာအကွယ်များ မရှိသလောက်ပင်ဖြစ်သည်။ အာဏာသိမ်းပြီးချိန်မှစ၍ တရားဥပဒေစိုးမိုးမှုမရှိပဲ ကျူးလွန်သူများမှာလည်း ပြစ်ဒဏ်မခံရသည့်အပြင် အပြစ်မှ လုံးဝဥဿုံ လွတ်မြောက်သွားသေးသည်။ ဤကဲ့သို့ ကျူးလွန်ခွင့်ပြုထားသည့် အကျိုးဆက်မှာ ရှမ်းပြည်တစ်ခွင်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ကျားမအခြေပြု အကြမ်းဖက်မှု တိုးများလာရခြင်းပင်ဖြစ်သည်။

# တိုက်တွန်းအကြံပြုချက်များ

မိမိတို့ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်းသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အချင်းချင်းတိုက်နေကြသည့် တိုက်ပွဲများကို ရပ်တန့်ပြီး မိမိတို့၏ နဂိုရည်မှန်းချက်များဖြစ်သည့် တိုင်းရင်းသားတန်းတူညီမျှမှုရရှိရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးနိုင်ရေးအတွက် ငြိမ်းချမ်းသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ပြီး၊ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ကာ အချင်းချင်း ညှိနိုင်းအဖြေရှာသည့် နည်းလမ်းကို ဖန်တီးရန် လေးနက်စွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရှမ်းပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့၏သက်ဆိုင်ရာ ထိန်းချုပ်နယ်မြေနှင့် အဖွဲ့အစည်းအတွင်းတွင် ဖြစ်သော မုဒိမ်းမှု အပါအဝင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်သူများကို ထိရောက်စွာ အရေးယူရန် တိုက်တွန်းခြင်း။

လက်နက်ကိုင်အဖွဲ့အစည်းများအား မိမိတို့၏သက်ဆိုင်ရာ ထိန်းချုပ်နယ်မြေအတွင်းတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပပြောက်သွားရန်နှင့် အမျိုးသမီးများအား အကာအကွယ်ပေးရန် တိုက်တွန်းခြင်း။

နိုင်ငံတကာအသိုင်းအဝိုင်းနှင့် INGO များအား စိတ်ပိုင်းဆိုင်ရာ အားပေးနှစ်သိမ့်မှု၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှု ပေးသည့်အဖွဲ့အစည်းများ နှင့် အမျိုးသမီးအခွင့်အရေးအတွက် ခုခံကာကွယ် လှုပ်ရှားသည့် အဖွဲ့အစည်းများ စသည့် အရေးပေါ်ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများပေးနေသည့် ဒေသခံ အဖွဲ့အစည်းများအား ထောက်ပံ့မှုပေးရန် တိုက်တွန်းခြင်း။

လက်နက်ကိုင် အဖွဲ့အစည်းများ၊ လူသားချင်းစာနာထောက်ထားရေး အကူအညီပေးနေသည့် အဖွဲ့အစည်းများ အပါအဝင် အလွှာအသီးသီးမှ အဖွဲ့အစည်းများအားလုံးနှင့် အိမ်ရှင်နိုင်ငံ အသိုင်းအဝိုင်း တို့အား စစ်ဘေးရှောင်ပြည်သူများကို ကာကွယ်မှုပေးရန်နှင့် လူသားချင်းစာနာထောက်ထားရေး အကူအညီများ လျင်မြန်စွာပို့ဆောင်နိုင်ရေး သေချာစေရန်အတွက် အကူအညီပေးရန် တိုက်တွန်းခြင်း။

---


## Contact info:

Kenneri@shanwomen.org

@Shanwomen

www.shanwomen.org